# ဒီမိုကရေစီနည်းကျဦးဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲအစီအစဉ်

## နောက်ခံအကြောင်းအရာအကျဉ်း

အမျိုးသားပြန်လည် သင့်မြတ်ရေးအစီအစဉ် (National Reconciliation Program - NRP) ၏ ဦးဆောင်စီစဉ်မှုဖြင့် ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးအတတ်ပညာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကို ဒူပလင်မြို့၊ အိုင်ယာလန်နိုင်ငံ၌ (၂၀၀၁-၂၀၀၂) ခုနှစ်အတွင်းတွင် ကျင်းပခဲ့ပါသည်။ အိုင်ယာလန်နိုင်ငံမှ လူထုအခြေပြုလုပ်ရှားမှုကွန်ယက်အဖွဲ့ (Community Action Network - CAN) မှ နည်းပြများ၏ စေ့စပ်ဆော်ဩမှုဖြင့် လူထုစီမံခန့်ခွဲရေး၌နတွင်ကျင်းပခဲ့သော ၄င်းအလုပ်ရုံဆွေးနွေးပွဲများတွင် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ် ဒေသများရှိ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ တက်ရောက်လေ့လာခဲ့ကြပါသည်။

အိုင်ယာလန်နိုင်ငံ၌ အလုပ်ရုံဆွေးနွေးပွဲနှစ်ခုပြုလုပ်ကျင်းပခဲ့ပြီးနောက် ၄င်းတို့နှင့်သဏ္ဍာန်တူအလုပ်ရုံ ဆွေးနွေးပွဲမျိုးကို နယ်စပ်ဒေသများတွင်အခြေပြုသည့် အဖွဲ့အစည်းအသီးသီးမှ အလားအလာကောင်းရှိသော ခေါင်းဆောင်များနှင့်အတူ ထိုင်းနိုင်ငံအတွင်း၌ဆက်လက်ပြုလုပ်ကျင်းပရန်အတွက် အကဲဖြတ်သုံးသပ် ကြပါသည်။ ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ် (NRP) ၏ဦးဆောင်စီစဉ်မှုနှင့် လူထုအခြေပြု လှုပ်ရှားမှုကွန်ယက် (CAN) မှအတွေ့အကြုံရင့်ကျက်သည့်နည်းပြများ၏ စေ့စပ်ဆော်ဩမှုများ နှင့်အတူ သင်တန်းသူ၊ သင်တန်းသား (၆၅) ယောက်ပါဝင်တက်ရောက်လေ့လာခဲ့သည့် ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စီမံခန့်ခွဲရေးအတတ်ပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသုံးခုကို (၂၀၀၃-၂၀၀၄) ခုနှစ် အတွင်း တွင် ပြုလုပ်ကျင်းပနိုင်ခဲ့ပါသည်။

၂၀၀၅ ခုနှစ်အတွင်း၌ ယခင်အလုပ်ရုံဆွေးနွေးပွဲများမှတက်ရောက်လေ့လာခဲ့သော နည်းပြဖြစ်နိုင်ချေ ရှိသည့် သင်တန်းသူ၊ သင်တန်းသား (၁၅) ဦး ကိုရွေးချယ်ပြီး နည်းပြသင်တန်းများကို တက်ရောက် လေ့လာ စေခဲ့ပါသည်။ ၄င်းအလုပ်ရုံဆွေးနွေးပွဲများအတွက် လိုအပ်သည့်ကုန်ကျစရိတ်များကို Trocaire မှ ထောက်ပံ့ ကူညီပေးခဲ့ပါသည်။ ထို့နောက် ၂၀၀၆ ခုနှစ်၊ မေလတွင် ချင်းမိုင်မြို့၌ နည်းပြအဖွဲ့ဝင်အချို့မှ ဒီမိုကရေစီနည်းကျ ဦးဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့်ဆက်စပ်၍ ညှိနှိုင်းဆွေးနွေးပွဲတရပ်ကို ပြုလုပ်ခဲ့ပြီး ရှေ့ဆက်လုပ်ငန်း စဉ်များဖော်ဆောင်နိုင်ရန်အတွက် အမျိုးသမီး (၄) ဦးအပါအဝင်၊ အဖွဲ့ဝင် (၁၁) ဦး ပါဝင်သော အဖွဲ့တဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ဒီမိုကရေစီနည်းကျဦးဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့်ဆက်စပ်သည့် ရှေ့ဆက်လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် ဒီမိုကရေစီနည်းကျဦးဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲအဖွဲ့ (နည်းပြအဖွဲ့ဝင်များ)၊ အမျိုး သားပြန်လည်သင့်မြတ်ရေးအစီအစဉ် (NRP) မှကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည် ထောင်စုမြန်မာနိုင်ငံ) (ENC) မှ ကိုယ်စားလှယ်များ၊ လူထုအခြေပြုလှုပ်ရှားမှုကွန်ယက် (CAN) နှင့် Trocaire

မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပါသည်။ နောက်ဆုံးဆွေးနွေးပွဲဆုံးဖြတ်ချက်ရလဒ်အနေဖြင့် ဒီမိုကရေစီနည်းကျဦးဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၏ ရှေ့ဆက်လုပ်ငန်းစဉ်များကို ဦးဆောင်မှုကော်မတီ **(Steering Committee)** နှင့် စီမံခန့်ခွဲရေးမှူးတဦးကိုခန့်အပ်ပြီး တာဝန်ပေးအပ်ကာ အကောင်အထည်ဖော်ဆောင်ရွက်စေပါသည်။

တိုင်းရင်းသားလူမျိုးများ ကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် နေရာနှင့် ဦးဆောင်မှုကော်မတီအဖွဲ့တွင် ကိုယ်စားလှယ်သုံးဦးကို လည်းကောင်း၊ ဒီမိုကရေစီနည်းကျ ဦးဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲအဖွဲ့မှ ကိုယ်စားလှယ်သုံးဦး စုစုပေါင်း (၆) ဦးဖြင့် ရှေ့ဆက်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်စေပါသည်။

## <u>လုပ်ငန်းစဉ်အကြောင်းအရာ</u>

## ဒီမိုကရေစီနည်းကျ ဦးဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၏ ရည်မှန်းချက်

တိုင်းရင်းသားလူမျိုးကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ဦးဆောင်မှုအောက်တွင် အကောင်အထည်ဖော်လုပ်ဆောင်နေသော ဒီမိုကရေစီနည်းကျ ဦးဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၏ ရည်မှန်းချက်မှာ ဒီမိုကရေစီအရေး လုပ်ဆောင်နေသည့်အဖွဲ့အစည်းအတွင်းရှိ အဆင့်တိုင်းတွင် ဒီမိုကရေစီနည်းကျသည့်အမြင်၊ အတွေးအခေါ်များ ပိုမိုကျယ်ပြန့်စွာရရှိလာအောင်မြှင့်တင်ပေးရန်။

## ရည်မှန်းချက်ကိုမြှင့်တင်ရန်အတွက်အသုံးပြုမည့်နည်းလမ်း (သို့) နည်းဗျူဟာ

၄င်းအလုပ်ရုံဆွေးနွေးပွဲအတွက် အဓိကထားပြုလုပ်မည့်အဖွဲ့အစည်းမှာ အမျိုးသမီးအဖွဲ့အစည်း အပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့အစည်းများဖြစ်သလို ဒီမိုကရေစီနည်းကျဦးဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၏ပံ့ပိုးကူညီမှုဖြင့် ၄င်းတို့ ပါဝင်လာအောင် ဖိတ်ခေါ်ရေးနှင့် အသိပညာပေးရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

## ကြိုတင်ရည်မှန်းချက်

– ဒီမိုကရေစီနည်းကျဦးဆောင်မှုဆိုင်ရာ အသိပညာများကို ဒီမိုကရေစီအရေး လုပ်ဆောင်လျှက်ရှိနေသော အဖွဲ့အစည်းများအတွင်းမြှင့်တင်ပေးရန်။
– နိုင်ငံရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထုများပူးပေါင်းပါဝင်လာအောင် စွမ်းရည်မြှင့်တင်ရာတွင် ခေါင်းဆောင်မှုများအတွက် လက်တွေ့ကျင့်သုံးရန်လိုအပ်လျှက်ရှိနေသေးသည့် ဒီမိုကရေစီနည်းကျဦးဆောင်မှုဆိုင်ရာ အသိပညာများကိုလက်ဆင့်ကမ်းဖြန့်ဝေရန်။
– ဒီမိုကရေစီအရေးလုပ်ဆောင်လျှက်ရှိနေသော အဖွဲ့အစည်းများ၏အဖွဲ့ဝင်များမှ ဒီမိုကရေစီနည်းကျ ဦးဆောင်မှုဆိုင်ရာအခြေခံသဘောတရားများကို လက်တွေ့ကျင့်သုံးလာအောင်ကူညီအားပေးရန်။

## အသုံးပြုမည့်နည်းလမ်း

ဒီမိုကရေစီနည်းကျ ဦးဆောင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများတွင် လေ့လာသင်ယူသူများ၏ပါဝင်မှုကိုအားပေးခွင့်ပြုသောသင်ကြားမှုနည်းလမ်း ***(Participatory Methodology)*** ကိုအသုံးပြု၍ လေ့လာသူများ၏ (အတွေ့အကြုံ) လက်တွေ့အခြေအနေဖြစ်စဉ်အမှန်များ၊ အရည်အချင်းများနှင့်ယှဉ်တွဲဆက်စပ်ကာ မိမိတို့၏ လူထုအခြေပြုအဖွဲ့အစည်းများကိုမြှင့်တင်နိုင်ရန်အတွက် လိုအပ်နေသည့် လူအများ၏ပါဝင်မှုကို အားပေးခွင့်ပြုသောနည်းလမ်းများကို လက်တွေ့ကျင့်သုံးလာစေရန်။

အမျိုးသမီးနှင့်လူငယ်ထုများသည် ဤအကြောင်းအရာကို ပိုမိုပွင့်လင်းစွာဖြင့်ချဉ်းကပ်လေ့လာခြင်းကြောင့် ၄င်းတို့ကိုပစ်မှတ်ထားပြီးလေ့လာစေခြင်းဖြင့် ရည်မှန်းချက်အတွက် အသင့်တော်ဆုံးသောနည်းလမ်း (သို့) နည်းဗျူဟာဖြစ်သည်ဟု မိမိတို့အနေဖြင့်ယူဆပါသည်။

———————————————————————————